# သာမန်ကာလ (၁၄)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့

ရှင်မာတေဦး ၁၀း၁-၇

ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာမှာ ယာကုပ်ရဲ့သား ၁၂ ယောက်ထဲမှာ အငယ်ဆုံးနှစ်ယောက်ကတော့ ဂျိုးဇက်နဲ့ ဘင်ဂျာမင် တို့ ဖြစ်ကြတယ်။ ဂျိုးဇက်ကို အကိုတွေက မနာလိုလို့ အီဂျစ်ပြည်ကို ကျွန်အဖြစ်နဲ့ ရောင်းလိုက်တယ်။ အဲဒီမှာ ဂျိုးဇက်ဟာ နှစ်ပေါင်းများစွာ ကျွန်ခံရတယ်။ သူများက မဟုတ်မမှန်စွပ်စွဲပြီးထောင်ချလို့ ထောင်ထဲမှာလည်း နှစ်ပေါင်းများစွာနေရတယ်။ ကံကြမ္မာ တော်တော်ဆိုးပါတယ်။ ဒါပေမဲ့ ဘုရားပေးထားတဲ့ကျေးဇူးတော်အတိုင်း သူက အိမ်မက်တွေရဲ့ အဓိပ္ပါယ်ကို ရှင်းပြနိုင်တာကြောင့် သူဟာ ဘုရင်ကြီးရဲ့အိမ်မက်ကိုလည်း ရှင်းပြခဲ့တယ်။ အိမ်မက်အရ သူ ရှင်းပြတာက "အီဂျစ်ပြည်အပါအဝင် ကမ္ဘာပေါ်မှာ (၇)နှစ် အစာရေစာပေါများပြီးရင် ဆက်တိုက် (၇)နှစ် အစာရေစာ ရှားပါးလိမ့်မယ်" တဲ့။ ဒီအဖြစ်ဆိုးကို ကြိုတင်ကာကွယ်နိုင်ဖို့ ဘုရင်ကြီးက ဂျိုးဇက်ကို တာဝန်ပေးလိုက်တယ်။ အချိန်ကျလာတော့ အစာရေစာ ရှားပါးချိန်မှာ ဂျိုးဇက်ရဲ့ အကိုတွေလည်း အီဂျစ်ပြည် ဂျိုးဇက်ဆီလာပြီ ဂျုံစပါး လာဝယ်ရပါတော့တယ်။ ဒီအချိန်မှာ ဂျိုးဇက်အတွက် အကိုကြီးတွေကို ဂလဲ့စားချေဖို့ အကောင်းဆုံးအခွင့်အရေးပါပဲ။

ဒါပေမဲ့ ဘုရားကိုချစ်တဲ့ ဂျိုးဇက်က ဂလဲ့စားမချေပါဘူး။ ဂျိုးဇက်က သူခံခဲ့ရတဲ့ ကံကြမ္မာဆိုးတွေက အခုလို ကံကြမ္မာကောင်းတွေ ဖြစ်လာစေဖို့/ လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ဖို့ ဘုရားက စီစဉ်ပေးတော်မူတာပါ တဲ့။ ဂျိုးဇက်ရဲ့ ခွင့်လွှတ်တတ်တာ/ သနားတတ်တာတွေကို ကြည့်ပြီး အကိုကြီးတွေလည်း ဘုရားကဘယ်လောက်ချစ်ကြောင်း၊ ခွင့်လွှတ်တတ်ကြောင်း နားလည်တရားပေါက်ကြပါတော့တယ်။ ဒါပဲ တရားဟောတယ်ဆိုတာ။ သာသနာပြုတယ်ဆိုတာ ဒါမျိုးကို ခေါ်တယ်။ ခက်ခဲနေတဲ့အချိန်မှာ "ဘုရားက ငါ့ကို ဆက်လက်ပြီး သနားတယ်၊ အမြဲချစ်နေတယ်" ဆိုတာကို သင်က ဆင်ခြင်သုံးသပ်နေနိုင်ရင် သင်လည်း ခွန်အားရမယ်၊ အဲဒီလိုနည်းအားဖြင့် သင့်ဝိညာဉ်ဟာ သန့်ရှင်းနေမှာဖြစ်တယ်။ အရာရာကို စွန့်လွှတ်နိုင်မယ်။ ဒီလိုအကြောင်းတွေကို ယေဇူးဘုရားရှင်က ဧမာဦးရွာကို ခရီးပြုနေတဲ့ စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ တပည့်တော်ကြီး နှစ်ပါးကို တရားပေးခဲ့တယ်မဟုတ်လား။ "မက်ဆီယားကယ်တင်ရှင်ဟာ ဒုက္ခခံထမ်း၊ အသေခံပြီးမှ ဘုန်းဂုဏ်တော်သို့ ဝင်ရောက်ရမယ်ဆိုတာ သင်တို့ မသိကြဘူးလား" တဲ့။

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ရှင်မာတေဦးကျမ်းစာမှာ တရားဟောပြောဖို့ တပည့်တော်ကြီး ၁၂ ပါးကို ရွေးကောက်တဲ့အကြောင်း သိရပါတယ်။ တရားတော်ကို ဘယ်လိုဟောပြောရမလဲ။ သနားဂရုဏာလုပ်ငန်း လုပ်ခြင်းဖြင့်၊ ဝိညာဉ်ရေးလွတ်မြောက်စေခြင်းဖြင့်(အထူးသဖြင့် ခွင့်လွှတ်တတ်ခြင်းဖြင့်) ဟောပြောသက်သေခံရမှာပါ။ ဒီလို မကျင့်ကြံမနေထိုင်ရင်တော့ သင်တို့ တရားဟောတာက သဲထဲရေသွန်သလိုပဲ ဖြစ်နေပါလိမ့်မယ်။

ဒါဟာ ကျနော်တို့ သတင်းကောင်း ဟောပြောရာမှာ မရှိမဖြစ်လိုအပ်ချက်ပါ။ အဲလိုမဟုတ်ပါက သာသနာတော်ဟာ ဒီကမ္ဘာလောကသားတွေနဲ့ သဟဇာတမကျပဲနေလိမ့်မယ်။ သာသနာကတခြား၊ လူတွေကတခြား ဖြစ်နေလိမ့်မယ်။ ဒါကြောင့် သာသနာတော်က ဟောပြောသွန်သင်သမျှဟာ ဘာမလုပ်ရဘူး၊ ဘာလုပ်ရမယ်ဆိုတဲ့ စည်းကမ်းတွေပဲ ဟောပြောသင်ကြားပေးတဲ့နေရာ မဖြစ်စေရဘူး။ လူတွေကို တရားပေါက်စေဖို့ အဲဒီတရားတော်မှာ ဘုရားရဲ့အချစ်၊ ဘုရားရဲ့ခွင့်လွှတ်ခြင်းတွေ ခံစားမိစေဖို့ ဟောပြောရမှာဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေပဲ ဟောပြောနေတဲ့ဘုန်းကြီးက သူပြောင်းသွားတဲ့အခါ ဘာသာသူတွေလည်း စည်းကမ်းနဲ့ပဲ ကျန်ရစ်ကြလိမ့်မယ်။ ဘုရားရဲ့ချစ်ခြင်း/ခွင့်လွှတ်ခြင်းတွေကို ထိတွေ့ခံစားမိအောင်ဟောပြောတဲ့ဘုန်းကြီး ပြောင်းသွားရင်တော့ ဘာသာသူတွေက တရားတော်မှာ မွေ့လျော်ပြီးတော့ ဘဝကို ကျေနပ်အားရစိတ်နဲ့ပဲ ကျန်ရစ်ကြမှာပါ။

သူများကို ဘုရားရဲ့ချစ်ခြင်းတွေ ခွင့်လွှတ်ခြင်းတွေ ခံစားရအောင် မဟောပြောခင် ကိုယ်ကိုယ်တိုင်က ချစ်ခြင်း၊ ခွင့်လွှတ်ခြင်းတွေ ခံစားရဖူးသူ/တွေ့ကြုံဖူးသူတွေ ဖြစ်ရပါမယ်။ ဒါကြောင့် တပည့်တော်ကြီး ၁၂ ပါးထဲမှာပါတဲ့ တံငါသည်တွေ၊ အခွန်ခံသူ၊ တော်လှန်ရေးလုပ်သူတွေဟာလည်း သူတို့ရဲ့ဘဝထဲမှာ ဘုရားရဲ့ချစ်ခြင်း၊ ခွင့်လွှတ်ခြင်းတွေ ကိုယ်တိုင်ခံစားခဲ့ရသူတွေပါပဲ။ တရားတော်ကို မဟောမပြောခင် ကိုယ်ကိုယ်တိုင်က ဘုရားဝတ်၌မွေ့လျော်သူတွေဖြစ်အောင် ဘုရားနဲ့ ပေါင်းစပ်ကြပါစို့.

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။